မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___Volume 18/ Issue 2 / March / 2026*

March 22, 2026




ဘုရားသခင်၏ အလိုတော်ကိုဆောင်၍၊
လူ၏အစေကိုသာ ခံသကဲ့သို့ မဟုတ်၊
သခင်ဘုရား၏အစေကိုခံ၍၊ ကြည်ညို
သောသဘောနှင့် အစေကိုခံကြလော့။
(ဧဖက်၊၆း၇)

ယုံကြည်သူခရစ်ယာန်များသည် တပါးသူ
များတို့ကို အဖဘုရားသခင်ထံတော်သို့
လမ်းညွှန်ပြပေးဖို့ရန်နှင့် ဧဝံဂေလိသတင်း
ကောင်းစကားကို ဝေငှပြောကြားရန်
ပေးအပ်ခြင်းခံရသူ(သို့) တာဝန်ရှိသူများ
ဖြစ်ကြသည်။

ယုံကြည်သူများသည် ကျေးဇူး၊ မေတ္တာ၊
ဂရုဏာ၊ စေတနာ၊ သစ္စာတို့ကို အခြေခံ၍
ဂုဏ်ယူဝင့်ကြွားစွာ လုပ်ဆောင်ကြရမည်။
ရဲရင့်စွာပောာပြော သက်သေခံရမည်။

March 29, 2026




စွန်ပလွံခက်များကိုကိုင်လျက်၊ ကိုယ်တော်ကို
ခရီးဦးကြိုပြုအံ့သောငှါ ထွက်သွားကြ၍၊
ဟောရှန္နာဖြစ်စေသတည်း။ ထာဝရဘုရား၏
အခွင့်နှင့်ကြွလာတော်မူသော ဣသရေလ
ရှင်ဘုရင်သည် မင်္ဂလာရှိစေသတည်း ဟု
ကြွေးကြော်ကြ၏။ (ယော၊၁၂း၁၃)

အိုဇိအုန်သတို့သမီး အလွန်ဝမ်းမြောက်လော့။
အိုယေရုရှလင်မြို့သတို့သမီး ကြွေးကြော်လော
တရားသဖြင့် စီရင်၍၊ ကယ်တင်ခြင်းသို့ရောက်
သောသခင် သင်၏အရှင်မင်းကြီးသည် မြည်းမ
နှင့် မြည်းကလေးကို စီး၍ နှုးညံ့သိမ်မွေ့သော
စိတ်နှင့် သင်ရှိရာသို့ကြွလာတော်မူသည်ကို
ကြည့်ရှုလော့။ (ဇာခရိအနာဂတ္တိကျမ်း။၉း၉)

ယုံကြည်သူများသည် ထာဝရဘုရား၏အခွင့်နှင့်
ကြွလာတော်မူသော ကယ်တင်ရှင် ယေရှုခရစ်
တော်ကို ဂုဏ်ယူဝင့်ကြွားစွာ ကြွေးကြော်၍
ချီးမြှောက်ကြရမည်။

## *2026 February, Sunday Worship Programs*

**March 2026**

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

***March 1, 2026 … Holy Communion Worship Service***
***March 8, 2026 … Regular Worship Service***
***March 15, 2026 … Regular Worship Service***
***March 22, 2026 … Laity's Day Worship Service***
***March 29, 2026 … Palm Sunday Worship Service***

---

***Worship Place***
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

***Worship Service***
*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

Burmese Christian Fellowship
မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

# *Ministry of the Laity*

LAITY SUNDAY

***B.C.F. Laity's Sunday Worship Service***

***Sermon by Lay Speaker … Ye Naing Shinn***

***Date … March 22, 2026***
***Time … 2:00 PM***
***Place … 1337 Farmstead Ave.***
***La Puente, CA 91745***



***All God's people***

***In all Places and***

***In all Times are called***

***To Love and To Serve !!!***

# ကယ်တင်ခြင်းလမ်းခရီး



**–နိုင်ဈင်း–**

အိုချစ်မိတ်ဆွေ ..

သင်ရဲ့မြေအိမ် .. ခန္ဓာကြွေဆုံး .. ပျက်သုန်းခဲ့လျှင်
နှစ်သွယ်လမ်းမှာ .. ရွေးချယ်ရာ၌ .. ဘယ်လမ်းကိုလိုက်
ဇာတိဝိညာဉ် .. ကြိုက်နှစ်သက်စွာ .. လိုရာကိုရွေး
နှိုင်းမဲ့မေတ္တာ .. နေကြည်ဖြာစေ .. ဝင်းထိန်ရောင်ခြည် .. မမှိန်လင်းခဲ့။

အခြားလမ်းမှာ .. လူကြိုက်များလျက်
ဒုစရိုက်တွင် .. အရိပ်မှောင်၌
ပျော်ပိုက်ခဲ့သော .. ဇာတိလမ်းရဲ့
နိဂုံးချုပ်မှာ .. ခန္ဓာကြွေလင့်
ပုပ်ပျက်ခြင်းဝယ် .. ပျောက်ကွယ်သွားပြီး
ပယ်ငရဲတွင်း .. သက်ဆင်းခြင်းဖြင့်
ကြုံတွေ့ရင်းနှင့် .. ခရီးလမ်းဆုံး .. ပျောက်ရှုံးလိမ့်မည်။

ယေရှုသခင် .. ဟောကြားဒေသနာ
ကိုယ့်အဆွေတို့ .. အဘို့လို့ငှာ .. ကိုယ့်သက်စွန့်ကာ
ပေးဆပ်မည့်သူ .. မရှိနိုင်ပါ။
ကယ်တင်အရှင် .. မေရှိယသခင် .. တပါးတည်းသာ
အဂ္ဂါပေချစ် .. မြတ်မေတ္တာဖြင့် .. သက်တော်စွန့်၍ .. ပြစ်ကြွေးဆပ်၏။

ယေရှုသခင် .. ပြောကြားရာတွင်
ငါ့အားချစ်လျှင် .. ငါ့စကားကို .. နားထောင်လိမ့်မည်။
ခမည်းတော်လည်း .. ဤသူတို့ကို .. ချစ်တော်မူပြီ
ငါတို့သည်လည်း .. သူ့ထံသို့ရောက် .. နေရာချမည်။

သမ္မာတရား .. လမ်းခရီးမှာ .. လျှောက်လှမ်းခဲ့လျှင် ..
ယေရှုသခင်ကို .. တွေ့မြင်ရလျက်
ကောင်းကင်ဘုံတွင် .. ဘုန်းတော်ဝင်စား
ဘုရားရှင်နှင့် .. စံမြန်းလိမ့်မည်။ ။

# စွန်ပလွံခက်တနင်္ဂနွေနေ့
# Palm Sunday



**ဇာခရိအနာဂတ္တိကျမ်း၉း၉။**

အို–ဇိအုန်သတို့သမီး အလွန်ဝမ်းမြောက်လော့။
အို–ယေရှုရှလင်မြို့ သတို့သမီး ကြွေးကြော်လော့။

တရားသဖြင့် စီရင်၍၊ ကယ်တင်ခြင်းသို့ရောက်သောသခင် သင်၏အရှင်မင်းကြီးသည် မြည်းမနှင့် မြည်းကလေးကို စီး၍ နူးညံ့သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ ကြွလာတော်မူသည်ကို ကြည့်ရှု လော့။

အထက်ပါကျမ်းချက်သည်ကတိတော်ထားရှိသည့်အတိုင်း၊ 'မေရှိယ' ဖြစ်ကြောင်းကို ရည်ညွှန်းကာ မီးမောင်းထိုး ပြထားသည်။ သခင်ယေရှုသည် ယေရှုရှလင်မြို့တွင်းသို့ မြည်းစီး၍ နှိမ့်ချစွာဝင်လာ ခြင်းသည် အနာဂတ္တိကျမ်းစာ၏ ပရောဖက်ပြုချက်များ ပြည့်စုံလာခြင်း ဖြစ်သည်။

သခင်ယေရှုသည် 'ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင် နှင့် သခင်တကာ တို့၏သခင်' ဖြစ်ခြင်းကြောင်းကို ဝန်ခံလျက်၊ လူအစုအဝေးအပေါင်းတို့သည် စွန်ပလွံခက်များကို ကိုင်လျက်၊ ကိုယ်တော်ကိုခရီးဦးကြိုပြု၍၊ 'ဟောရှဏ္ဏာဖြစ်စေသတည်း။ ထာဝရဘုရား၏ အခွင့်နှင့် ကြွလာတော်မူသော ဣသရေလရှင်ဘုရင်သည် မင်္ဂလာရှိစေသတည်း။'ဟု ဝမ်းမြောက်ဝမ်းသာ စွာကြွေးကြော်၍ ရွှင်လန်းအားရစွာ ကြိုဆိုကြ၏။

သခင်ယေရှုသည် ကမ္ဘာမြေပြင်ပေါ်ရှိ ရှင်ဘုရင်မင်းကြီးများနှင့်မတူ၊ တမူကွဲပြားခြား၍ မင်းမျိုးမင်းနွယ်၏အဆောင်အယောင်များမပါဘဲ၊ နှိမ့်ချ၍နူးညံ့သိမ်မွေ့သောဘုရင်အဖြစ် တွေ့မြင် ပေါ်လွင်နေပါ၏။

အောင်နိုင်သူဘုရင်မင်းကြီးများ၏ လုပ်ရိုးထုံးစံဖြစ်သော ကြီးကျယ်ခမ်းနားသည့် အောင် ပွဲဝင်အခမ်းအနားမပါ၊ တောက်ပြောင်စွာဝတ်ဆင်ခြင်းမရှိ။ စစ်သူရဲအခြံအရံအရံမပါ။ မြင်းရထား နေရာတွင် အားနည်းသိမ်ငယ်သော မြည်းကလေးကိုစီးကာ ယေရှုရှလင်မြို့တွင်းသို့ ဝင်ရောက် လာခြင်းသည် မိမိ၏နှိမ့်ချနူးညံ့သော စိတ်နေသဘောထားကို အလေးပေးဖော်ပြနေသည်။

သခင်ယေရှုသည် အရှင်တကာတို့၏အရှင် အဖြစ်နှင့်ဝင်ရောက်ခြင်းသည် လူသားများ အားလုံးအတွက် ငြိမ်းချမ်းရေး၊ ရွေးနှုတ်ခြင်းနှင့်ကယ်တင်ခြင်းဆိုင်ရာ တာဝန်ကို ပေးအပ်ခြင်းခံရ သောကြောင့်ဖြစ်သည်။ အပြစ်သားလူတွေကို အဖဘုရားနှင့် ပြန်လည်သင့်မြတ်ရေး ရရှိဖို့ကြရန် အတွက် မိမိအသက်တော်ကိုအသေခံစွန့်ပြီး ပေးဆပ်ရန် ကယ်တင်ပိုင်ရှင်အဖြစ် ယေရှုရှလင်မြို့ တွင်းသို့ ဝင်ရောက်ကြွလာခြင်း ဖြစ်သည်။ ။

# အပြစ်သားများအပြစ်နှံ့ထဲမှကယ်တင်ခြင်းသို့ရောက်ရန် သိရှိထားရမည့်အချက်များ၊

## ဘုရားသခင်လုပ်ဆောင်ပေးသည့်အပိုင်း၊

**၁။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်အားဖြင့် ...**

ယော၊၃း၁၆။ ။ ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်း
သို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်း
သောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။

၁ယော၊၄း၁၀။ ။ သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှါ၊ ဘုရားသခင်သည်
တပါးတည်းသောသားတော်ကို ဤလောကသို့စေလွှတ်တော်မူသောအရာ၌၊
ငါတို့ကိုချစ်တော်မူသော မေတ္တာတော်သည် ထင်ရှားလျက်ရှိ၏။

**၂။ သားတော်၏အသွေးတော်အားဖြင့် ...**

ဖေက်သြဝစာ၊၁း၇။ ။ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော
ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏။

၁ပေ၊၁း၁၉။ ။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်ကဲ့သို့သော
ခရစ်တော်၏အသွေးတော်မြတ်နှင့် ရွေးယူတော်မူသည်။

**၃။ ဝိညာဉ်တော်ဖွင့်ပြသောစကားများအားဖြင့် ...**

ယော၊၁၆း၁၃။ ။ သမ္မာတရားနှင့် ပြည့်စုံသောထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊
သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်
တော်သည် ကိုယ်အလိုအလျောက်ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကို
ဟောပြောလိမ့်မည်။ နောင်လာလတံ့သောအရာတို့ကိုလည်း သင်တို့အား
ဘော်ပြလိမ့်မည်။

## လောကသား/လူတို့လုပ်ဆောင်ရမည့်အပိုင်း၊

**၁။ ဧဝံဂေလိတရားစကားကိုကြားနာ၍ခံယူရမည်။**

ရောမသြဝါဒစာ၊ ၁၀း၁၃။ ။ လူအပေါင်းတို့ကို အစိုးရသောအရှင်တပါးတည်းရှိ၍၊ ကိုယ်တော်
ကိုပဌနာပြုသောသူအပေါင်းတို့၌ ကျေးဇူးကြွယ်ဝတော်မူ၏။
အကြောင်းမူကား၊ ထာဝရဘုရားကိုပဌနာပြုသောသူ ရှိသမျှ
တို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။

**၂။ ယုံကြည်ခြင်းရှိရမည်။**

ယော၊၆း၄၄–၄၅။ ။ သင်တို့သည် လောကီသားဖြစ်ကြ၍၊ ကိုယ်အပြစ်၌ သေကြလိမ့်မည်။
သားတော်ကိုစေလွှတ်တော်မူသော ခမည်းတော်သည် သင်တို့ကို
သွေးဆောင်တော်မမူလျှင်၊ အဘယ်သူမျှ ငါ့ထံသို့မလာနိုင်။
လာသောသူကို နောက်ဆုံးသောနေ့၌ ငါသည်ထမြောက်စေမည်။

**၃။ အပြစ်သားဖြစ်ကြောင်းကိုသိမှတ်၍ အပြစ်ကိုနောင်တရပါ။**

တမန်တော်ဝတ္ထု၊ ၁၇း၃၀။ ။ ယခုမှာကိုယ်အပြစ်ကိုမြင်၍ နောင်တရကြလော့။

တမန်တော်ဝတ္ထု၊ ၂း၂၈။ ။ ကိုယ်တော်သည် အကျွန်ုပ်၏ဝိညာဉ်ကို မရဏာနိုင်ငံ၌ ပစ်ထားတော်မမူ။ ကိုယ်တော်၏သန့်ရှင်းသောသူအားလည်း ပုပ်စပ်ခြင်းကို ရှိစေတော်မမူပါ။

**၄။ သစ္စာဖြင့်အပြစ်ကိုဝန်ခံပါ။**

ရောမသြဝါဒစာ၊၁၀း၉–၁၁။ ။ သင်သည် သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ စိတ်နှလုံးနှင့်ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏။ ကျမ်းစာလာသည်ကား၊ ထိုကျောက်ကိုအမှီပြုသောသူမည်သည်ကား၊ ရှက်ကြောက်ခြင်းမရှိနိုင်ရာဟု လာသတည်း။

**၅။ ယေရှုခရစ်တော်နာမ၌ဗတ္တိဇံနှစ်ခြင်းမင်္ဂလာခံယူခြင်း။**

မာကု၊၁၆း၁၆။ ။ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတံ့။
မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတံ့။

**၆။ သစ္စာရှိစွာအသက်ရှင်နေထိုင်ပါ။**

ဗျာဒိတ်ကျမ်း၊၂း၁၀။ ။ သေသည်တိုင်အောင်သစ္စာစောင့်လော့။
သို့ဖြစ်လျှင်၊ အသက်သရဖူကို ငါပေးမည်။

ကောလောသဲ၊၁း၂၁။ ။ အထက်က ဘုရားသခင်နှင့် ကွာရှင်း၍၊ ဆိုးညစ်သောအကျင့်ကို
ကျင့်သဖြင့် စိတ်နှလုံး၌ရန်သူဖြစ်သောသင်တို့ကို၊ ကိုယ်ခန္ဓာတော်၌
အသေခံတော်မူသောအားဖြင့်၊ ယခုမိဿဟာယဖွဲ့စေတော်မူ၏။

*****************************************************************************

အမေး။ .. ကယ်တင်ခြင်းဆိုသည်မှာဘာလဲ?။

အဖြေ။ .. ကယ်တင်ခြင်းသည် ဝိညာဉ်လွတ်မြောက်ခြင်း (သို့) အပြစ်သားဘဝမှလွတ်ခြင်းဖြစ်၏။

အမေး။ .. ကယ်တင်ခြင်းရဖို့ရန် ဘာလုပ်ရမလဲ ?။

အဖြေ။ .. သင်သည် အပြစ်သားဖြစ်ကြောင်းကိုသိမှတ်ဝန်ခံလျှက် မိမိပြုလုပ်မိခဲ့သောအမှားတို့ကို နောင်တရပြီး၊ သင်၏ပြစ်ကြွေးကိုဆပ်ပေးခဲ့သော ယေရှုခရစ်တော်ကို မိမိ၏သခင်နှင့်ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသောအခါ၊ ဘုရားသခင်သည် သင့်ကိုအပြစ်သားဘဝမှရင်း၊ ထာဝရသေခြင်းမှရင်း၊ လွတ်မြောက်စေတော်၏။ ထို့အပြင်၊ အဖဘုရားသခင်၏သားသမီးဖြစ်ရသောအခွင့်ကိုရ၏။

အမေး။ .. သက်သေပြနိုင်သလား?။

အဖြေ။ .. သမ္မာကျမ်းစာ၌ သက်သေအထောက်အထား အမှန်ရှိနေပါ၏။

ရောမသြဝါဒစာ၊ ၆း၂၃။ .. အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။

ရောမသြဝါဒစာ၊၃း၂၄။ .. ယေရှုခရစ်တော် ရွေးနှုတ်တော်မူသောအားဖြင့် အဘိုးကို မပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ရကြ၏။

******************************  ******************************  ******************************

# ဂတိတော် နှင့် အမွေခံ

**‘ဂတိတော်’** ဆိုသည်မှာ သာမန်စကားတစ်ခွန်း မဟုတ်ပါ။ အထက်အရပ်မှလာသော သစ္စာတရားဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားသည့် အစဉ်တည်သောစကားဖြစ်သည်။

**‘အမွေခံ’** မည်သည်ကား ဥစ္စာရှိသမျှကို ပိုင်ထိုက်သောသူဖြစ်သည်။

ထို့ကြောင့် မိဘများတို့သည် မိမိတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာရှိရှိသမျှအရာအားလုံးကို သားသမီးတို့အား ‘အမွေ’ အဖြစ် ခွဲဝေပေးကြသည်။

သားသမီးတို့သည် မိဘများ၏အမွေစား၊အမွေခံများ ဖြစ်ကြသည်။ (ဂလာတိ၊ ၄း၁) ဤသည်ကား၊ လောကီနှင့်ဆိုင်သော လောကအမွေ ဖြစ်ပါသည်။ လောကီနှင့်ဆိုင်သောအရာဖြစ်သောကြောင့် သင်္ခါရသဘောတရားနှင့် ယှဉ်တွဲလျက်ရှိသည်။ ‘သင်္ခါရ’ ဆိုသည်မှာ မတည်မြဲသော အရာကို ဆိုလိုသည်။ ထိုလောကီအမွေများတို့ကို လွဲမှားစွာအသုံးပြုပါက ‘သင်္ခါရသဘောတရား’ အရ၊ ပျောက်ပျက်ကုန်ဆုံးသွားနိုင်၏။

(လုကာ၊၁၅း၁၁–၁၃) တွင်၊ သားတစ်ယောက်သည် သူ့ဖခင်ထံမှ မိမိရထိုက်သော အမွေဥစ္စာများကို အချိန်မကျမှီ တောင်းယူခဲ့သည်။ ဖခင်ထံမှရသောအမွေကို တန်ဖိုးရှိစွာ အသုံးမပြုဘဲ၊ လွဲမှားစွာ အသုံးချခဲ့သည်။ အပေါင်းဖော်များနှင့် အပျော်လွန်ခဲ့သည်။ ကာမဂုဏ်လွန်ကျူးခြင်းဖြင့် ဥစ္စာရှိသမျှကိုဖြုန်းတီးခဲ့သည်။ နောက်ဆုံး၌ မိမိရရှိထားသမျှ အမွေဥစ္စာအားလုံး ကုန်ဆုံးသွားပြီး၊ ဆင်းရဲခြင်းဒုက္ခနှင့် ရင်ဆိုင်ခဲ့ရသည်။

မည်သည့်အခါမျှမပျောက်မပျက် မကုန်ဆုံးနိုင်သောအမွေမှာမူကား၊–အဖဘုရားသခင်၏ ဂတိတော်နှင့်ဆိုင်သော **‘ထာဝရအမွေ’** ဖြစ်ပါသည်။ **‘ထာဝရ’** ဟု ဆိုသည့်အတိုင်း မပြောင်းမလဲ မပျက်မစီး၊ ကာလအစဉ်အဆက်အမြဲတည်ရှိနေတော်မူသည်။ ထိုအမွေသည် မပျောက်မပျက်နိုင် အစဉ်တည်မြဲသော **‘ထာဝရအသက်’** ဖြစ်သည်။

ထို့ကြောင့်၊ ယုံကြည်သူတို့ ခံစားရရှိသောအမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှကြီးသည်ကိုရင်း၊ ယုံကြည်သောသူ အကျွန်ုပ်တို့ အပေါ်၌ ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးတော်မူသည်ကိုရင်း၊ သိရှိစေခြင်းအလို့ငှါ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ညာဏ်မျက်စိကိုဖွင့်၍ ပွင့်လင်းစေပါ၏။

ကျွန်ုပ်တို့အား နှုတ်ကပါတ်တော်သမ္မာကျမ်းစာက။–

– ငါတို့အားပေးတော်မူသော ဂတိတော်ကား ထာဝရအသက်ကို ဝန်ခံတော်မူသော ဂတိတော်ပေတည်း။ (၁ယော၊၂း၂၅)
– သားတော်ကို ယုံကြည်သူအပေါင်းသည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရမည်အကြောင်းတည်း။ ( ယော၊ ၃း၁၅ )
– သားတော်ကို ယုံသောသူသည် ထာဝရအသက်ကိုရ၏။ ( ယော၊ ၄း၃၆ )
– သင်တို့သည် သခင်ခရစ်တော်၏အစေကို ခံကြသည်ဖြစ်၍၊ အမွေတော်တည်းဟူသောအကျိုးကို၊ ထိုသခင်ဘုရား၏လက်တော်မှ ခံရလိမ့်မည်ဟု သိမှတ်ကြလော့။ (ကောလောသဲ၊၃း၂၄)

၁။ ဘုရားသခင်၏ ဂတိတော်နှင့်ဆိုင်သော အမွေကို ဆက်ခံမည့်သူကား အဘယ်သူနည်း။

- သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏အမွေခံ ဖြစ်ကြ၏။ (ဂလာတိ၊ ၄း၇)
- ရှေးမဆွကခွဲခန့်မှတ်ထားတော်မူသည်နှင့်အညီ ငါတို့သည် ခရစ်တော်အားဖြင့် အမွေခံ ဖြစ်ကြ၏။ (ဧဖက်၊ ၁း၁၁)
- ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော် အားဖြင့် ဖြောင့်မတ်ရာသို့ရောက်၍ ထာဝရ အသက်ကို မျှော်လင့်သည်နှင့်အညီ အမွေခံဖြစ်ကြမည် အကြောင်းတည်း။ (တိတု၊ ၃း၇)

သမ္မာကျမ်းစာက – 'ဤသည်ကား သစ္စာစကားဖြစ်၏။' ဟု အတိအလင်း ဖေါ်ပြသည်။ သို့ဖြစ်၍ ဘုရားသားသမီးများသာလျှင် အမွေစားအမွေခံ ဖြစ်သောကြောင့် သစ္စာနှင့်၄င်း၊ ဖြောင့်မတ်ခြင်း တရားနှင့်၄င်း၊ ပြည့်စုံတော်မူသော ဘုရားသခင်၏ **'ထာဝရအသက်'** တည်းဟူသော **'အမွေ'** ကို ခံစားရရှိဖို့ရန် ဘုရားသခင်၏သား၊သမီးများ ဖြစ်ဖို့ရန် အမှန်တကယ်လိုအပ်သည်။

၂။ အဘယ်သို့သောနည်းဖြင့် ဘုရားသခင်၏အမွေခံ သား၊သမီး ဖြစ်နိုင်သနည်း။

- ဘုရားသခင်၏ တစ်ပါးတည်းသောသားတော်ကို ယုံကြည်လက်ခံသောသူတို့အား ဘုရားသခင်၏သား ဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။ ( ယော၊ ၁း၁၃ )
- သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်ခြင်းဖြင့် ဘုရားသခင်၏သား ဖြစ်ရကြ၏။ (ဂလာတိ၊ ၃း၂၆)

ထို့ကြောင့်၊ ဘုရားသခင်၏အမွေခံသား၊သမီးဖြစ်ဖို့ရန် ယေရှုခရစ်တော်ကို မိမိ၏ကယ်တင် ပိုင်ရှင်သခင်အဖြစ်ယုံကြည်လက်ခံ ရပါမည်။ ဘုရားသခင်သည် မိမိဖန်ဆင်းအမှုပြီးစီးလျှင်၊ အလွန် ကောင်းသည်ဟုထင်ခဲ့သော လူအာဒံနှင့်ဧဝသည် အပြစ်ကိုကျူးလွန်ခြင်းကြောင့် ဘုရားသခင်နှင့် အဆက်အသွယ် ပြတ်ခဲ့ရသည်။ ထိုအဖြစ်မှ ဘုရားရှင်နှင့်လူသား ပြန်လည်၍ မိတ်သဟာယဖွဲ့ပြီး တစ်လုံးတဝတည်း ဖြစ်ဖို့ရန် အထူးလိုလားသည်။ လူသားအပေါင်းတို့ကိုချစ်တော်မူ၍ ပျက်စီးခြင်း လမ်းသို့ မရောက်စေလိုပါ။

သို့ဖြစ်၍၊ မိမိ၏တစ်ပါးတည်းသောသားတော်မြတ်ယေရှုကို ဤလောကကမ္ဘာမြေပေါ်သို့ လူ့ဇာတိခံယူရန် စေလွှတ်ခဲ့သည်။ သားတော်ယေရှုသည်လည်း လူသားတို့၏မိုက်မှားပြစ်များကို လက်ဝါးကပ်တိုင်ပေါ်တွင် အသွေးတော်သွန်းကာ အသက်တော်ကိုစွန့်၍၊ အသေသတ်ခံခဲ့ခြင်းဖြင့် ယူဆောင်သွားခဲ့ပြီဖြစ်သောကြောင့် လူသားများတို့၏ကတ္တီပါနီကဲ့သို့ နီမြန်းသောအပြစ်သွေးကို မိုးပွင့်ပမာဖြူစင်သန့်ရှင်းစေရသောအခွင့်ကို ရရှိစေခဲ့ပါသည်။

ထို့ပြင် သားတော်ယေရှုသည် လူ့ဇာတိအသက်ဆုံးသွားပြီး၊ သင်္ချိုင်းတွင်း၌သင်္ဂြိုဟ်ပြီးမှ သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်တော်မူခြင်းဖြင့် သေခြင်းတမန်ကိုလည်းအောင်မြင် ခဲ့သည်။ ဤသည်ကို အကြွင်းမဲ့ယုံကြည်လက်ခံသူတိုင်းသည် အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခြင်း အခွင့်ကို ရသည်သာမက **'ထာဝရအသက်'** တည်းဟူသော **'ဂတိတော်နှင့် ဆိုင်သောအမွေ'** ကို ဆက်ခံရမည့် **'အမွေခံသားသမီးများ'** ဖြစ်ကြသည်ဟု အဖဘုရားသခင် ပဋိညာဉ်ပြုခဲ့ပါသည်။

သက်သေခံချက်ကား– ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရား သခင်၏သားတော်ကို မရသောသူမူကား အသက်ကိုမရ။ (၁ယော၊ ၅း၁၂)

၃။ အမွေခံ သား၊သမီးများသည် မည်သည့်အချိန်၌ ထိုအမွေကို လက်ခံရရှိမည်နည်း။

- ခရစ်တော်သည် အသေခံတော်မူသည်ဖြစ်၍ ခေါ်တော်မူသောသူသည် ဂတိတော်နှင့်ယှဉ် သောအမွေကိုခံရမည်အကြောင်း၊ ထိုသခင်သည် ပဋိညာဉ်တရားသစ်၏အာမခံဖြစ်တော် မူ၏။
- အမွေခံ ဖြစ်စေခြင်းငှါ အခွင့်ပေး၍၊ စာချုပ်သည့်အမှုမှာလည်း စာချုပ်တည်လျှင် စာချုပ် သောသူသည် ဧကန်အမှန်သေရမည်မှန်ပြီး၊ အကယ်၍မသေလျှင် ထိုစာချုပ်သည်မတည်၊ သေမှသာတည်၏။ ( ဟေဗြဲ ၊ ၁၅း၁၆ )
- ဘုရားသခင်၏ အကြံအစည်တော်ကို စိတ်ချရအောင် ဂတိတော်ကို အမွေခံရသော သူတို့ သည် ဘုရားသခင်၏အကြံအစည်တော် မဖေါက်ပြန်နိုင်ကြောင်းကို အမှန်သိစေခြင်းငှါ၊ ဘုရားသခင်သည် အကျိန်အားဖြင့် အာမခံတော်မူ၏။ (ဟေဗြဲ ၊ ၆း၁၇)

ယေရှုခရစ်တော်သည် လူသားတို့၏အပြစ်များကို ကယ်တင်ဖို့ရန်အတွက် လက်ဝါးကား တိုင်ပေါ်တွင် အသေသတ်ခံကာ ကျွန်ုပ်တို့၏အပြစ်များကို ဆေးကြောခဲ့ပြီးပြီ ဖြစ်ပါသည်။

ပဋိညာဉ်စာချုပ်ကိုချုပ်သောသူသည် အသက်ပေး၍ အသေခံသွားခဲ့ပြီ ဖြစ်သောကြောင့် ဂတိထားတော်မူသော အာမခံစာချုပ်သည်လည်း လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက အတည်ဖြစ်ခဲ့ပါပြီ။

- အကြောင်းမူကား ဂတိထားတော်မူသောသူသည် သစ္စာနှင့်ပြည့်စုံ၏ဟု ကျမ်းစာလာသည့် အတိုင်း ဂတိတော်ကို သင်နှင့်သင်၏ အမျိုးအနွယ်အား ငါပေး၏။ (ဂလာတိ၊ ၃း၉)
- ခရစ်တော်၌ ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ အားလုံးသည် တစ်လုံးတစ်ဝတည်းဖြစ်ကြ၏။ (ဂလာတိ၊ ၃း၉) ထိုဂတိတော်အတိုင်း ယေရှု ခရစ်တော်၌ လူမျိုးခြားမဟုတ်၊ အစေအပါးကျွန်မဟုတ်၊ အမွေခံသား၊သမီးများ ဖြစ်ကြ၏။
- ဘုရားသခင်၏သားဖြစ်သောသူမူကား လောကကို အောင်တတ်၏။ လောကကိုအောင်ခြင်း အကြောင်းမူကား ငါတို့၏ယုံကြည်ခြင်းပေတည်း။ (၁ယော၊ ၅း၄)
- အောင်မြင်သောသူသည် ဤအရာ၌ အမွေခံရလိမ့်မည်။ ငါသည် သူ၏ဘုရားဖြစ်၏။ သူသည်လည်း ငါ၏သား ဖြစ်လိမ့်မည်။ (ဗျာဒိတ်၊ ၂၁း၇)

**'ဂတိတော်'** ကိုထားရှိတော်မူသောသူသည် ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း ငါ့စကားတည်၏ဟု ပြောဆိုထားတော်မူသောကြောင့် မိမိ၏အမွေခံ သား၊သမီး အပေါင်းတို့အား လောကီစည်းစိမ်ချမ်းသာကို ခံစားရသည်သာမက **'ထာဝရအသက်'** ကို ပေးတော်မူသောကြောင့် ကောင်းကင်ဘုန်းစည်းစိမ်ကိုလည်း ထာဝရခံစားရပါလိမ့်မည်။

ယုံကြည်သူ သား၊သမီး အယောက်စီတိုင်း၏လက်ဝယ် ခံစားရရှိ ပိုင်ဆိုင်ထားပြီဖြစ်သော **'ထာဝရအသက်တည်းဟူသောအမွေ'** ကို သား၊မြေးအဆက်ဆက် ခံစားနိုင်ဖို့ရန် ကျွန်တော်/မ အယောက်စီတိုင်းမှာ ထိုယုံကြည်ခြင်းကို လက်ဆင့်ကမ်းရမည့် ဘုရားပေးတာဝန် ရှိနေကြောင်းကို သတိပေးနှိုးဆော်လိုက်ပါ၏။ ။